ပေတောကြီးကျေးရွာ

ပေတောကြီးကျေးရွာအုပ်စု

ကျောက်ဆည်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄- ၂၀၂၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေတောကြီးကျေးရွာ၊ကျောက်ဆည်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ဇူလိုင်လ

# မာတိကာ


**စဉ်** **အကြောင်းအရာ**

**စကားချီး**

**ပေတောကြီးကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ ကျောက်ဆည်မြို့**

**၁ တည်နေရာနှင့်ပထဝီဝင်အနေအထား**

**၂ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

**၃ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

**၄ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

**၅ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

**၆ ပညာရေး**

**၇ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**၈ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

**၁၀ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂)

နောက်ဆက်တွဲ(၆)ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃)

နောက်ဆက်တွဲ(၇)ဦးစားပေးစီမံချက်အဆိုပြုလွှာ(၄)

နောက်ဆက်တွဲ(၈)ဦးစားပေးစီမံချက်အဆိုပြုလွှာ(၅)

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄/၂၀၂၅ ဘဏ္ဍာရေးနှစ်မှ (၂၀၂၉)ခုနှစ်အထိ (၅)နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအာ အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးထုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲ များ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇူလိုင်လ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပေတောကြီးကျေးရွာ
ကျောက်ဆည်မြို့နယ်

၁.ကျောက်ဆည်မြို့နယ်၊ပေတောကြီးကျေးရွာအုပ်စု၊ ပေတောကြီးကျေးရွာ၏သယံဇာတပြမြေပုံ




## ၂. ကျောက်ဆည်မြို့နယ်၊ ပေတောကြီးကျေးရွာအုပ်စု၊ ပေတောကြီးကျေးရွာ၏ရာသီခွင်ပြပြကွဒီနံမြေပုံ



ကျောက်ဆည်မြို့နယ်၊ ပေတောကြီးကျေးရွာအုပ်စု၊ ပေတောကြီးကျေးရွာ၏ ရာသီခွင်ပြပြကွဒီနံ မြေပုံ

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | ဆင်္ကန်းမုန့် | ဝါတော်ကပ် | မြေသဒီ | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အာကာသအခြေ | နေ့မ်း:ပိုကဲ့၊ ခြော် | နေ့မ်း:မော်း: ပူတက် | နေ့မ်း:ကြည့် သမိန်: | စပါး:မှည့်: ဖောက် | လယ်ထွန်၊ စပါး:ကောက် ပိုကဲ့ | စပါး: ကောက် ပိုကဲ့ | ခြောက်သွေ့ မှုန်ထူထူ | ခြောက်သွေ့ ပိုဆိုးမှုန် ပူတက် | ခြောက်သွေ့ ပိုဆိုင်း၊ ကြာ ပြီးဆိုးခြော် | စပါး:ပိုတက် သဒိန်: ကြာလာပါ ပိုကဲ့၊ခြော် | ခြောက်သွေ့ တွေ့:ရတော် ကြာလာပါ့ ဆိုတ်သဒိန်: | ခြောက်သွေ့ တွေ့:ရတော် ကြာလာပါ့ ဆိုတ်သဒိန်: |
| ၃ | ကျွန်း:မောရော: | — | — | ရာသီ တုအကြ: | — | — | — | — | — | — | — | | |
| ၄ | အဖြေရွှိုးနှုန်း တွေ့ရှိခြင်း | ဝ ဆယ် | ဝ ဆယ် | ဝ ဆယ် | ဝ ဆယ် | ဝ ဆယ် | ဝ ဆယ် | ဝ ဆယ် | ဝ ဆယ် | ဝ ဆယ် | ဆယ် | ဆယ် | ဆယ် |
| ၅ | ဇရုပ်:ပါး:မှု၊ | — | — | — | — | — | — | — | — | — | — | — | — |
| ၆ | ထမ်းစားသူလူမျိုး | ပွဲလည် | ပွဲကျင်း | ပွဲလည် | ပွဲလည် | ပွဲကျင်း | ပွဲလည် | ပွဲလည် | အပျော်ပိုင် | အပျော်ပိုင် | ပွဲကျင်း | ပွဲလည် | ပွဲလည် |
| ၇ | ပွဲတော် | | ရေသဘင် သင်္ကြန်ပွဲ တော်ပွဲ | | | အဖွဲ့:မော်မဲ့ ပွဲတော် | — | မီး:ဝင်ရိုး:ပွဲ အောပွဲတော် | — | | ပဒုမ္မာန်း ပြိုတော် | ထမင်းထိုး:ပွဲ | |
| ၈ | သဘာဝဘေး အန္တရာယ် | — | — | — | — | — | — | — | — | — | — | — | — |

## ၃. ကျောက်ဆည်မြို့နယ်၊ ပေတောကြီးကျေးရွာအုပ်စု၊ ပေတောကြီးကျေးရွာ၏ Venn Diagram



**၁။တည်နေရာနှင့်ပထဝီအနေအထား**

ပေတောကြီးကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ပေတောကြီးကျေးရွာအုပ်စုတွင် တည်ရှိပြီး ကျောက်ဆည်မြို့၏ တောင်ဘက်(၁၀)မိုင်ခန့်အကွာ တွင် တည်ရှိပါသည်။ကျေးရွာ၏မြောက်ဘက်တွင် ဘုရားစေတီ၊ ဘုန်းကြီးကျောင်း နှင့်စာသင်ကျောင်းတည်ရှိ ပါသည်။ ကျေးရွာ၏ အရှေ့တောင်ဘက်တွင်ဓမ္မာရုံ၊ထရန်စဖော်မာနှင့် အနောက်တောင်ဘက်တွင် စိုက်ပျိုးလယ်မြေများ ရှိပါသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာ ဗမာ လူမျိုးများသာ နေထိုင်ကြပါသည်။ ကဆုန်လတွင် ညောင်ရေသွန်းပွဲကျင်းပကြပြီး တန်ဆောင်းမုန်းလတွင် နှစ်စဉ်နှစ်တိုင်း ကထိန်ပွဲများ ကျင်းပကြပါသည်။ ပြာသိုလတွင် နှစ်စဉ် ပဌာန်းပွဲများ ပြုလုပ်ကြပါသည်။

**၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

ပေတောကြီးကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေး မျှတမှု ရှိပါသည်။စိုက်ပျိုးနိုင်သောမြေဧရိယာမှာလယ်မြေ(၄၀၆.၇၅)ဧကရှိပါသည်။မြေဆီလွှာအရည်အသွေး များ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးရာသီတွင် မိုးရေချိန်အသင့်အတင့်ရရှိပါသည်။ တနှစ်ထက် တနှစ် ရာသီဥတုပြောင်းလဲလာမှုများလည်း ကြုံတွေ့နေရပါသည်။ ရာသီဥတုမှုန်ကန်လာစေရန် သစ်တောများ တိုးချဲ့စိုက်ပျိုးခြင်းများ၊ လုပ်ဆောင်ခြင်းအားဖြင့် ရာသီဥတုထိန်းသိမ်းနိုင်မည် ဖြစ်ပါ သည်။ မြေလွတ် မြေလပ်များမရှိပါ။

**၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျားကာကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပြီး ဂေါပကအဖွဲ့ (ကျား-၇ဦး) သည် ကျေးရွာ၏ပညာရေး၊ကျန်းမာရေး၊ဘာသာရေး၊သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။သွေးလှူရှင်အသင်း(ကျား၁၀၊မ၅)ဦး၊နှင့် ဓမ္မစကြာအဖွဲ့(မ၂၀)ဦး၊ အုပ်ချုပ်ရေးမှူးအဖွဲ့ (ကျား၄ဦး)၊အပျိုခေါင်းလူပျိုခေါင်း(ကျား၅၊မ၇ဦး)၊မီးကော်မတီဝင်အဖွဲ့ (ကျား-၁၂ဦး) တို့သည် ကျေးရွာ၏ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း

လုပ်ဆောင် နေကြပါသည်။ ထို့ပြင်ကျားကာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများလည်းရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

**၄။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

**(က)သီးနှံစိုက်ပျိုးရေး**

ပေတောကြီးကျေးရွာတွင် (၅)ဧကနှင့်(၁၂.၅)ဧကကြားတောင်သူ(၂၁)စု၊(၁၂.၅)ဧကအထက် တောင်သူ(၃)စု၊ (၂.၅)ဧကနှင့် (၅) ဧကကြား တောင်သူ(၃၂)စု၊ (၂.၅)ဧကအောက် တောင်သူ(၇၀)စု တို့ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စု (၄၃)စုသည် ကျပန်းများဖြစ်ပြီး၊ ကျေးရွာ၏ တောင်ယာလုပ်ငန်းများ ပါးချိန်တွင် ပန်းရံလုပ်ငန်းများ လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာစိုက်ပျိုးရေးအလှည့်ကျပေးဝေရေးစနစ်ကိုသာအဓိကထားအသုံးပြုကြပါသည်။ စပါးအထွက် နှုန်းမှာ တစ်ဧကပျမ်းမျှ (၉၀) တင်း၊ နှမ်းအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၁၂)တင်း၊ ပဲတီစိမ်းအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၆)တင်း၊ကြက်သွန်အထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၃၅၀၀)ပိဿာ၊ ခရမ်းသီးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၂၀၀)ပိဿာနှင့် ကုလားပဲအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၁၇)တင်းထွက်ရှိပါသည်။ သီးနှံပေါ်ခြိန်တွင် ဈေးကွက်ကောင်းမွန်ရန် လိုအပ်လျက် ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့်သွင်းအား၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ပါသည်။ မိုးစပါးစိုက်ပျိုးရေးတွင် စပါးဖျက်ပိုးနှင့် ဓါတုများအနည်းငယ် ကျရောက်ပါသည်။ ၎င်းအပြင် မိုးကြီးသည့်အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေရှိရေများကို ဖောက်ထုတ်ပေးနေရပါသည်။

**(ခ)မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် မွေးမြူရေးနှင့်ပတ်သက်သော နည်းပညာအသိပညာများနည်းပါးသဖြင့် စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်သူမှာ မရှိသလောက် နည်းပါးပါသည်။ အနည်းငယ်မွေးမြူသူများမှာလည်း အမြတ်အစွန်းနည်းပါးသဖြင့် ပိုမိုကြီးမားအောင် ချဲ့ထွင်၍ မမွေးမြူကြချေ- နွားမွေးမြူ

ထားသည့် အိမ်ထောင်စု (၃၃) အိမ်မှ နွား(၇၉)ကောင်နှင့်နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု မှာ(၉၄)အိမ်မှနွား(၃၀၄)ကောင်မွေးမြူကြပါသည်။ဝက်မွေးမြူထားသည့်အိမ်ထောင်စုမှာ(၁)စုမှာ (၃)ကောင်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

**(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် အသက်မွေးဝမ်းကြောင်းနည်းပညာနှင့် အသေးစား၊ အလတ်စား စီးပွားရေး ဖွံ့ဖြိုးရေး တိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ခြင်းမရှိသောကြောင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်တတ်သူမှာ နည်းပါးပါသည်။ ပန်းရံလုပ်သူအနည်းငယ်သာ ရှိပါသည်။

**(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် တစ်ဧကလျှင်(၁.၅)နှုန်းဖြင့် (၁၀)ဧကအထိ မိမိဧကရှိသလောက် ချေးယူ စိုက်ပျိုး စရိတ် ပြုလုပ်ကြပါသည်။ ကိုယ်ပိုင်ရင်းနှီးငွေဖြင့် စိုက်ပျိုးလုပ်ကိုင်သူမှာ အလွန်နည်းပါး ပါ သည်။ ပြင်ပပုဂ္ဂလိကအသေးစား ချေးငွေလုပ်ငန်းစု(၁)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**၅။အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ပေတောကြီးကျေးရွာတွင် အများသောအားဖြင့် ကိုယ်ပိုင်ဆိုင်ကယ်များဖြင့်သာ သယ်ယူ ပို့ဆောင်သွားလာကြပါသည်။ကျေးရွာတွင် မော်တော်ဆိုင်ကယ်(၁၃၂)စီး၊ နွားလှည်း(၂၄)စီး၊ စက်ဘီး(၂၇)စီး၊ထော်လာဂျီ(၄)စီးနှင့်ကား(၂)စီးဖြင့်သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက်အသုံးပြု နေကြပါသည်။

ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ ဗွက်ထခြင်း၊ ဖုန်ထူခြင်းများကို ယခင်က ကြုံတွေ့ခဲ့ရပြီး ယခုအခါတွင် နိုင်ငံတော်မှ ကျပ်သိန်း(၁၅၀)မတည်ပေးသဖြင့် ကျွန်တော်တို့ ကျေးရွာ၏ အလှူငွေ၊ ပစ္စည်းနှင့်လုပ်အားများထည့်ဝင်ကာ ကွန်ကရစ်လမ်းအဆင့်မြှင့်တင်နေသဖြင့် သွားရေးလာရေး ပိုမို၍ လွယ်ကူ အဆင်ပြေပါသည်။ ထို့ကြောင့် ရန်ပုံငွေချထားပေးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ပြီး ဆောင်ရွက်ပြီးသည့်အခါ ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားပါမည်။

**(ခ)ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းအားချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု(၇၂)နှင့် ဆိုလာစနစ်အသုံးပြုနေကြသည့်(၇၃)စုရှိပါသည်။

**(ဂ)သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း(၂၈၉)လုံး၊တီဗွီ(၇၀)လုံး၊ေဒီယို(၇)လုံးနှင့် ဂြိုလ်တုစလောင်း(၁၆)လုံး စသည်တို့မှ ရရှိသည့်အပြင်အင်တာနက်လိုင်းကောင်းမွန်သောကြောင့်အသုံးပြုရာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကောင်းမွန်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ)ပညာရေး**

ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပြီး တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စာမတတ်သည့်သူများ အနည်းငယ်ရှိပါသည်။ မူလတန်းဆင့်စာတတ်မြောက်သူမှာ (၃၃၉)ရာခိုင်နှုန်းအထိရှိခြင်းနှင့် အလယ်တန်းဆင့်စာတတ်မြောက်သူမှာ (၁၄၂) ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတတ်မြောက်သူမှာ (၄၉)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်သူမှာ(၇)ရာခိုင်နှုန်းရှိခြင်းတို့ကြောင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူတော်၊လူကောင်းများစွာ ရှိနေဖို့ လိုအပ်နေပါသည်။ ကျေးရွာတွင် ပညာတတ်လူငယ်များ ပေါများမှုရှိရန် အထူးလိုအပ်ပါသည်။

**(၇)ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်းကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးပါသည်။ ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေများကို ကျောက်ဆည်ဆေးခန်း၊ဆေးရုံးများသို့ ပို့ဆောင်ပေးပါသည်။ ကျေးရွာတွင်သန့်ရှင်းသော ယင်လုံအိမ်သာများကို အိမ်ထောင်စုအားလုံး အသုံးပြုကြပါသည်။

**(၈)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။ ကျေးရွာတွင်ရာသီအလိုက်တုပ်ကွေး၊ ဖျားနာခြင်းများအဖြစ်များပြီး ဌက်ဖျား၊ တီဗွီရောဂါဖြစ်ခြင်းများမရှိပါ။

**(၉)ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာ၏ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့်လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်းလေ့လာတွေ့ရှိရပါသည်။အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာအသိပညာများ အားနည်းကြပါသည်။

**၁၀။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ(ပေတောကြီးကျေးရွာ)**

| စီမံချက်အမည် | ဦးစားပေးအဆင့် |
|---|---|
| ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းပေးရန် | ၁ |
| မြစိမ်းရောင်စီမံကိန်းချထားပေးရန် | ၂ |
| အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ပေးရန် | ၃ |
| ကျန်းမာရေးကားဝယ်ယူရန် | ၄ |
| စိုက်ပျိုးရေးအတွက်အသိပညာပေးသင်တန်းဖွင့်လှစ်ပေးရန် | ၅ |

နောက်ဆက်တွဲ (၁)

**ပေတောကြီးကျေးရွာ၊ ပေတောကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

## ပေတောကြီးကျေးရွာအုပ်စု၊ ပေတောကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှမြိုင် | ဦးစံဝင်း | ၉/ကဆန(နိုင်)၀၄၅၁၀၇ | ၆၈ | ဥက္ကဋ္ဌ | ၀၉-၄၄၀၅၆၆၇၈၈ |
| ၂ | ဦးမြင့်လွင် | ဦးမောင်လေး | ၉/ကဆန(နိုင်)၂၀၇၂၉၄ | ၆၅ | အတွင်းရေးမှူး | ၀၉-၄၅၆၄၇၈၀၃၈ |
| ၃ | ဦးဖုန်းကျော် | ဦးလှဝ | ၉/ကဆန(နိုင်)၀၄၅၁၀၄ | ၅၆ | ဥက္ကဋ္ဌ(ဝယ်ယူရေး) | ၀၉-၆၇၆၆၈၀၀၀၅ |
| ၄ | မနှင်းယုလွင် | ဦးလှတိုး | ၉/နထက(နိုင်)၁၈၄၇၂၈ | ၂၉ | စာရင်းကိုင် | ၀၉-၈၉၅၃၇၀၀၀၃ |
| ၅ | ဦးအောင်ဆန်းညွှန့် | ဦးထွန်းဝေ | ၉/ကဆန(နိုင်)၀၉၉၉၁၉ | ၅၀ | ဘဏ္ဍာရေးမှူး | ၀၉-၄၀၂၆၅၀၈၀၈ |
| ၆ | မသန္တာလင်း | ဦးကြည်ဝင်း | ၈/ပကခ(နိုင်)၂၀၇၃၉၇ | ၂၉ | အဖွဲ့ဝင် | ၀၉-၂၆၄၀၂၇၅၅၄ |
| ၇ | မဇင်ဇင်အေး | ဦးကျော်ဌေး | ၉/ကဆန(နိုင်)၁၈၄၇၂၁ | ၂၆ | အဖွဲ့ဝင် | ၀၉-၆၉၈၃၅၄၆၃၂ |

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၃ | ၈ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၉ | ၁၇ | ၂၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၂၂ | ၄၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၁၁ | ၂၆ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၃၁ | ၂၆၇ | ၄၉၈ | ၁ | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၃၅ | ၅၆ | | |
| **စုစုပေါင်း** | | **၃၀၇** | **၃၅၅** | **၆၆၂** | **၁** | **၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၃** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု (၁၅၃) စုရှိပါသည်။ လူဦးရေ(၆၆၂)ဦးရှိပါသည်။ တစ်နှစ်အောက် နို့စို့အရွယ်(၈)ယောက်၊ (၅)နှစ်အောက်(၂၆)ယောက်၊ မူလတန်းအရွယ်(၄၈)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် (၂၆) ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်(၄၉၈)ယောက်၊ သက်ကြီးရွယ်ကြီး(၅၆)ယောက်ရှိပါသည်။ တစ်ရွာလုံး

လူဦးရေ၏(၇၀%)သည် အလုပ်လုပ်နိုင်သောလူဦးရေဖြစ်ပါသည်။ ထို့ကြောင့် အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းစွာထောက်ပံ့မှု ဖြစ်စေနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၉၉ | | ၂၀ | ၇၉ | ၂၀ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၁ | | ၉ | ၄၂ | ၉ | - | မြင့် ☐လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀၁ | - | - | ၁၀၁ | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | - | - | ၂ | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | - | ၁ | - | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | - | - | - | ၁ | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | - | - | - | - | - | - | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| ၁၆ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ပညာရေး** | | | | | | | |
| ၁၇ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | - | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ကျန်းမာရေး** | | | | | | | |
| ၁၈ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| ၁၉ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| ၂၀ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | - | - | - | - | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ပေတောကြီးကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသည်။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများနှင့်တစ်ပိုင်တစ်နိုင်စျေးဆိုင်များလည်း လုပ်ကိုင်ကြပါသည်။လယ်ယာလုပ်ငန်း အားလပ်ချိန်တွင် ပန်းရံလုပ်ကိုင်သူများရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၃၀၀၀ | | ၁၀၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်အားခနှုန်းထားများသည် ယေဘုယျအားဖြင့် ကျေးလက်သတ်မှတ်နှုန်းထားများ ဖြစ်ကြောင်းတွေ့ရှိရပြီး၊ ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်းများ၏ဝင်ငွေခြားနားရခြင်း မှာလုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်ပါသည်။လယ်သမားအချင်းချင်း(လက်စား) အပြန်အလှန်လုပ်ကိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| **လယ်မြေ** | ၃၅၄.၇၅ | ကောင်း ☑ | သင့်☐ | ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၅၂ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၄၀၆.၇၅ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ပေတောကြီးကျေးရွာတွင် လယ်မြေများကိုစပါး၊ကြက်သွန် အဓိကထားစိုက်ပျိုးကြပါသည်။ ငရုတ်၊နှမ်း၊ပဲနှင့်ခရမ်းသီးတို့ကို ယာမြေများဖြင့်လည်း စိုက်ပျိုးကြပါသည်။မြေဆီလွှာအရည်အသွေးအလွန်ကောင်းမွန်ပါသည်။သီးနှံများမစိုက်ပျိုးသောမြေလွတ်မြေရိုင်းမရှိပါ။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☑ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ |

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| | | | ☐ |
| **ရေ – မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော – အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝအရင်းအမြစ်ဖြစ်သော သဲ၊ကျောက်စရစ်ခဲများကို ရရှိပါသည်။ အခြားခါတ်သတ္တုများနှင့်တိရစ္ဆာန်မျိုးကွဲများမရရှိနိုင်ကြောင်းတွေ့ရှိရရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့်** | **ညံ့** | **အလွန်ညံ့** |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| | | ကောင်း | | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂ | ၉၁ | ၄၃ | ၅ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ပေတောကြီးကျေးရွာတွင်အဆင်ပြေသော အိမ်ထောင်စုများရှိပြီး စိုက်ပျိုးရေးနှင့်အခြားလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။မပြေလည်သော အိမ်ထောင်စုနှင့်အလွန်မပြေလည်သော အိမ်ထောင်စုများမှာဆောက်လုပ်ရေးနှင့်ရာသီအလိုက်ကျပန်းလုပ်ငန်းနေ့စားအလုပ်လုပ်ကိုင်ကြပါသည်။

**(c) ထိခိုက်လွယ်မှု**

**(c-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ =___ _____<br>လုပ်အားခကြိုယူ = ---------- ------ |
| ၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | _____<br>လုပ်အားခကြိုယူ = _____ |
| ဖိလမှာ၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ပေတောကြီးကျေးရွာတွင် အိမ်ထောင်စုများမှာ(၃)လအောက် ဝမ်းစာဖူလုံမှု အသင့်အတင့်မျှရှိသည်ကို လေ့လာတွေ့ရှိရပါသည်။အစားလျှော့စား၊အထောက်အပံ့ယူ၊ချေးယူ၊လုပ်အားခကြိုယူမှုများမရှိပါ။

**(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ပေတောကြီးကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများမရှိပါ၊(၆၄)နှစ်နှင့်အထက်သက်ကြီးရွယ်အိုများမှာလစဉ်ထောက်ပံ့ကြေးငွေရရှိပါသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✔ | | | ✔ | | |
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | ✔ | | | ✔ | | |
| ၃ | မုန်တိုင်းဒီရေ | ✔ | | | ✔ | | |
| ၄ | ဆူနာမီ | ✔ | | | ✔ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✔ | | | ✔ | | |
| ၆ | လေဆင်နှာမောင်း | ✔ | | | ✔ | | |
| ၇ | ငလျင် | ✔ | | | ✔ | | |
| ၈ | အပူလွန်ကဲခြင်း | | | ✔ | ✔ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✔ | | | ✔ | | |
| ၁၀ | အအေးလှိုင်း | | ✔ | | ✔ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✔ | | | ✔ | | |
| ၁၂ | မိုးခေါင်ခြင်း | | ✔ | | ✔ | | |
| ၁၃ | တောမီးလောင်ခြင်း | ✔ | | | ✔ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✔ | | | ✔ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✔ | | | ✔ | | |
| ၁၆ | မြေပြိုခြင်း | ✔ | | | ✔ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✔ | | | ✔ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု | ✔ | | | ✔ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | (မြေ၊ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✔ | | | ✔ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✔ | | | ✔ | | |
| ၂၁ | ၄က်ဖျားရောဂါ | ✔ | | | ✔ | | |
| ၂၂ | တီဘီရောဂါ | ✔ | | | ✔ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✔ | | | ✔ | | |
| ၂၄ | ကပ်ရောဂါ | ✔ | | | ✔ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✔ | | | ✔ | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✔ | | | ✔ | | |
| ၂၇ | လူကုန်ကူးခြင်း | ✔ | | | ✔ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✔ | | | ✔ | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)**

လေ့လာတွေ့ရှိချက်။ ။ ဘေးအန္တရာယ်ကျရောက်ခြင် အခြေအနေအလွန်နည်းပါသည်။ အပူလွန်ကဲခြင်းနှင့်ရန်ဖန်ရန်ခါ မိုးခေါင်ခြင်းများ ကြုံတွေ့ရပါသည်။

**(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✔ | | | ✔ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | | ✔ | ✔ | | |
| ၃ | ဆင်းရဲသားတောင်သူ | | | ✔ | ✔ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✔ | | | ✔ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✔ | | | ✔ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✔ | | | ✔ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✔ | | | ✔ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✔ | | | ✔ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✔ | | | ✔ | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | ✔ | | | ✔ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✔ | | | ✔ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ✔ | | | ✔ | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✔ | | | ✔ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✔ | | | ✔ | | |
| ၁၅ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | ✔ | | | ✔ | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✔ | | | ✔ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✔ | | | ✔ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✔ | | | ✔ | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စုနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့်အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူ အိမ်ထောင်စုများလည်း သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက ထိခိုက်ခံစားလွယ်နိုင်ပါသည်။

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
